ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၃) ၂၀၂၄ ခုနှစ် ဇွန်လ ၁၄ ရက်

## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော အမိန့်ကြော်ငြာစာနှင့်ညွှန်ကြားချက်များအကြောင်း သိကောင်းစရာ။ ၂-၅

၂။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာနည်းဥပဒေများထုတ်ပြန်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ ၆

၃။ ကမ္ဘာ့ကုလသမဂ္ဂအသိဉာဏ်ပစ္စည်းဆိုင်ရာအဖွဲ့ချုပ်က ဉာဏပစ္စည်းပိုင်ဆိုင်မှု၊ မျိုးရိုးဗီဇအရင်းအမြစ်များနှင့် ရိုးရာဓလေ့ထုံးတမ်းအသိပညာနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာသဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်း။ ၇-၈

၄။ အမေရိကန်ပြည်ထောင်စု အလုပ်သမားဝန်ကြီးဌာနက Alabama ပြည်နယ်ရှိ Hyundai Motor Company ၏ကုမ္ပဏီခွဲတွင် ကလေးအလုပ်သမားခန့်ထား စေခိုင်းခြင်းအတွက် Hyundai Company ကို တရားစွဲဆိုခြင်း။ ၉-၁၁

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော အမိန့်ကြော်ငြာစာနှင့်ညွှန်ကြားချက်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ထားသည့် အမျိုးသားမြေအသုံးချမှုကောင်စီပြင်ဆင်ဖွဲ့စည်းခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီကိုပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်ဟံသာဝတီမြို့ဟောင်းရှိမြို့ရိုးနှင့်ကျုံးတို့တည်ရှိရာဒေသကို ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသအဖြစ်သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာ၊ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကထုတ်ပြန်ထားသည့် ကျောက်ကပ်လှူဒါန်းခြင်းနှင့် ကျောက်ကပ်အစားထိုးကုသခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရန်ညွှန်ကြားချက်၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသည့်စက်ပစ္စည်းအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေလျာထားခြင်း၊ ဝယ်ယူခြင်းနှင့်ရန်ပုံငွေလွှဲပြောင်းခြင်းတို့ဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက်တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၅၃၊ ပုဒ်မခွဲ(ခ) အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၉.၄.၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၂၄) ဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဟံသာဝတီမြို့ဟောင်းရှိမြို့ရိုးနှင့်ကျုံးတို့တည်ရှိရာဒေသကို ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသအဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ဝန်ကြီးဌာနများအနေဖြင့် စက်ပစ္စည်းအင်အားကို အကျိုးရှိစွာအသုံးချနိုင်ရန် စက်ပစ္စည်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေလျာထားခြင်း၊ ဝယ်ယူခြင်း၊ စက်ပစ္စည်းဝယ်ယူရန်

ရန်ပုံငွေမလုံလောက်ခြင်းနှင့် မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စရပ်များကြောင့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ စီမံကိန်းတန်ဖိုးပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များကို စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်းစသည်တို့အတွက် တစ်ပြေးညီစံထားလိုက်နာရမည့်လုပ်ထုံးလုပ်နည်းများဖြစ်စေရန် ၉.၅.၂၀၂၄ ရက်နေ့တွင် ညွှန်ကြားချက်အမှတ်(၁/၂၀၂၄)ဖြင့် ညွှန်ကြားချက်တစ်စောင်ကို ထုတ်ပြန်လိုက်သည်။

ဤညွှန်ကြားချက်ကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများက မူလခွင့်ပြုငွေမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် ထည့်သွင်းတောင်းခံခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေ(General Reserve Fund - GRF) မှ လွှဲပြောင်းသုံးစွဲခြင်း၊ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စများနှင့်စပ်လျဉ်း၍ ယေဘုယျအားဖြင့် ထည့်သွင်းဖော်ပြရမည့်အချက်များကို သိရှိနိုင်စေရန်၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းတို့အတွက် တိကျသော ညွှန်ကြားချက်ထုတ်ပြန်ထားခြင်းဖြင့် ဝယ်ယူရေးလုပ်ငန်းစဉ်များကို မြန်ဆန်မှုရှိစေသဖြင့် ကုန်ထုတ်လုပ်မှုကို အကျိုးဖြစ်ထွန်းစေရန်၊ စက်ပစ္စည်းအသုံးစရိတ်၊ ဆောက်လုပ်ရေးအသုံးစရိတ်၊ အခြားအသုံးစရိတ်စသည့်ငွေလုံးငွေရင်းအသုံးစရိတ်များရန်ပုံငွေလျာထားမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအသုံးစရိတ်ကဏ္ဍအလိုက်ရန်ပုံငွေလျာထားခြင်းဖြင့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲမည့်ကိစ္စရပ်များ လျော့ကျစေနိုင်ခြင်း၊ စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်များပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်းစသည်တို့ကြောင့် စက်ပစ္စည်းအသုံးစရိတ်ကို ထိရောက်စွာသုံးစွဲနိုင်စေရန်စသည့်ရည်ရွယ်ချက်များဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

စက်ပစ္စည်း ဆိုသည်မှာ တွန်းအား၊ ဖိအားစသည့်အားကိုဖြစ်စေအောင် ဖန်တီးနိုင်သောကိရိယာ၊ လျှပ်စစ်ပစ္စည်း၊ လုပ်ငန်းသုံးစက်ကြီးများ၊ ယန္တရားများ၊ ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ မီးရထားစသည့်ယာဉ်အမျိုးမျိုးနှင့် လက်သုံးကိရိယာ၊ စက်အရန်ပစ္စည်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းနှင့် မီးဖိုချောင်သုံးပစ္စည်းတို့အပါအဝင် အထွေထွေလုပ်ငန်းသုံးပစ္စည်း၊ အိမ်သုံး၊ ကျောင်းသုံး၊ ရုံးလုပ်ငန်းသုံးပစ္စည်းများစသည့် ပစ္စည်းအမျိုးမျိုးတို့ကိုဆိုလိုကြောင်း အဓိပ္ပါယ်ဖွင့်ဆိုထားပြီး စက်ပစ္စည်းအတွက် ရန်ပုံငွေလျာထားရာတွင် လုပ်ငန်းအုပ်စုခေါင်းစဉ်အလိုက် ရန်ပုံငွေလျာထားရန်နှင့် လုပ်ငန်းအုပ်စုခေါင်းစဉ်တစ်ခုချင်းစီ၏အောက်တွင် စက်နှင့်စက်ပစ္စည်း(Machinery & Equipment)၊

သယ်ယူပို့ဆောင်ရေးစက်ပစ္စည်း (Transporting Equipment)၊ ရုံးလုပ်ငန်းသုံးစက်ပစ္စည်း (Office Equipment)နှင့်ပရိဘောဂ(Furniture)စသည့်ပစ္စည်းအုပ်စုအလိုက် ရန်ပုံငွေလျာထားရန်နှင့် အဆိုပါ အုပ်စုများတွင် ထည့်သွင်းလျာထားနိုင်ခြင်းမရှိသောပစ္စည်းများကို အခြားပစ္စည်း(Non Control Item) အုပ်စုတွင် ထည့်သွင်းလျာထားရန်ဖြစ်ပါသည်။

မူလလျာထားချက်ပါခွင့်ပြုရန်ပုံငွေဘောင်အတွင်းမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များနှင့်ဆောင်ရွက်ခြင်းမပြုနိုင်သည့်ကိစ္စရပ်များကို ညွှန်ကြားချက်အပိုဒ် ၁၈၊ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့တွင် အတိအကျဖော်ပြထားပြီး ရန်ပုံငွေလွှဲပြောင်းသည့်ကိစ္စရပ် များနှင့်စပ်လျဉ်း၍ ဝယ်ယူမည့်စက်ပစ္စည်းနှင့်ပတ်သက်သည့် ဈေးနှုန်းအထောက်အထားများ၊ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲရခြင်းအတွက် ရှင်းလင်းချက်နှင့်ရန်ပုံငွေလွှဲပြောင်းသုံးစွဲမည့် စက်ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် ငွေရပ်တို့ပါဝင်သည့်ပူးတွဲဇယားတို့တွင် သက်ဆိုင်ရာဌာနဘဏ္ဍာရေးတာဝန်ခံအရာရှိ ၏လက်မှတ်၊ အမည်၊ ရာထူးနှင့်ဌာနတို့အား ပြည့်စုံစွာ ထည့်သွင်းဖော်ပြရန်၊ အခြားအသုံးစရိတ်မှ စက်ပစ္စည်းအသုံးစရိတ်သို့လည်းကောင်း၊ ဆောက်လုပ်ရေးအသုံးစရိတ်မှ စက်ပစ္စည်းအသုံးစရိတ်သို့ လည်းကောင်း လွှဲပြောင်းသုံးစွဲသည့်ကိစ္စရပ်များတင်ပြရာတွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဆောက်လုပ်ရေး လုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)တို့၏ သဘောထားမှတ်ချက် ပူးတွဲဖော်ပြပေးရန်စသည့် အထောက်အထားများပြည့်စုံစွာပူးတွဲဖော်ပြ၍ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ တင်ပြရန်ဖြစ်ကြောင်း နှင့် ဝယ်ယူရေးလုပ်ငန်းစဉ်များဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ နောက်ဆုံးထားတင်ပြရမည့်ရက်မှာ ဘဏ္ဍာရေးနှစ်တစ်နှစ်၏ နောက်ဆုံး ၂ လအနက် ဖေဖော်ဝါရီလ၏ပထမအပတ်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဤညွှန်ကြားချက်သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေ၊ အကူအညီတို့ဖြင့် ဝယ်ယူမည့်စက်ပစ္စည်းများအတွက် ရန်ပုံငွေလျာထားခြင်း၊ ရန်ပုံငွေလွှဲပြောင်း၍ ဝယ်ယူခြင်း၊ စီမံကိန်းတန်ဖိုးပြောင်းလဲခြင်းအတွက် သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စများနှင့်သာ သက်ဆိုင်ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို လိုအပ်သလိုဖွဲ့စည်းပြီး မိမိတို့၏ဘဏ္ဍာ ရန်ပုံငွေ၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေ၊ အကူအညီများဖြင့်လုပ်ငန်း၊ စီမံကိန်းများဆောင်ရွက်ရာတွင် ဝယ်ယူမည့်စက်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဤညွှန်ကြားချက်ကို ကိုးကား၍ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအနေဖြင့် စက်ပစ္စည်းများ အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေလျာထားခြင်း နှင့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများနှင့် စပ်လျဉ်း၍ **စက်ပစ္စည်းအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေလျာထားခြင်း၊ ဝယ်ယူခြင်းနှင့် ရန်ပုံငွေလွှဲပြောင်းခြင်းတို့ဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက်ကို** MLIS Website တွင် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၃)　　　　၂၀၂၄ ခုနှစ် ဇွန်လ ၁၄ ရက်

## တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာနည်းဥပဒေများ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် တီထွင်သူတို့၏အခွင့်အရေးနှင့်အကျိုးစီးပွားကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊ နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူးလွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်၊ တီထွင်သူများနှင့်တီထွင်မှုကို အသုံးပြုသူများအကြားနည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန်အကျိုးပြုစေရန်၊ တီထွင်သူများနှင့်တီထွင်မှုကို သုံးစွဲသူများ၏အခွင့်အရေးနှင့် စောင့်ထိန်းရမည့်တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်၊ တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ်အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင် သင့်တင့်မျှတမှုမရှိဘဲထိန်းချုပ်ထားခြင်းတို့ကိုဟန့်တားနိုင်ရန်နှင့် တီထွင်ဖန်တီးသော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်ရေးအတွက်အားပေးရန်ရည်ရွယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာနည်းဥပဒေများကို ၄-၆-၂၀၂၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ကြောင်းသိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ကမ္ဘာ့ကုလသမဂ္ဂအသိဉာဏ်ပစ္စည်းဆိုင်ရာအေဂျင်စီက ဉာဏပစ္စည်းပိုင်ဆိုင်မှု ၊ မျိုးရိုးဗီဇ အရင်းအမြစ်များနှင့် ရိုးရာဓလေ့ထုံးတမ်းအသိပညာနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်း

၂၄-၅-၂၀၂၄ ရက်နေ့၊ ဂျီနီဗာမြို့တွင်ကျင်းပသော သံတမန်ညီလာခံတွင် ကမ္ဘာ့ဉာဏပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာအဖွဲ့အစည်း(WIPO)၏အဖွဲ့ဝင်နိုင်ငံများသည် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှု၊ မျိုးရိုးဗီဇဆိုင်ရာအရင်းအမြစ်များနှင့်ဆက်နွှယ်မှုရှိပြီး ရိုးရာဓလေ့ထုံးတမ်းအသိပညာများနှင့်သက်ဆိုင်သည့် သမိုင်းဝင်စာချုပ်သစ်တစ်ရပ်ကို အတည်ပြုခဲ့ပါသည်။ ဤစာချုပ်၏ရည်ရွယ်ချက်မှာ တီထွင်မှုမူပိုင်ခွင့်စနစ်၏ထိရောက်မှု၊ပွင့်လင်းမြင်သာမှု၊အရည်အသွေးရှိမှုတို့ကိုမြှင့်တင်ရန်နှင့် ဗီဇဆိုင်ရာအရင်းအမြစ်များနှင့် ယင်းတို့နှင့်ဆက်နွှယ်နေသော ရိုးရာဓလေ့ထုံးစံအသိပညာများနှင့်စပ်လျဉ်း၍ ဆန်းသစ်မှုသို့မဟုတ် တီထွင်မှုမရှိသောတီထွင်မှုများအတွက် မူပိုင်ခွင့်များကို 'မှားယွင်းစွာ' ခွင့်ပြုပေးခြင်းမှ ကာကွယ်ရန်ဖြစ်ပါသည်။

ယခုစာချုပ်အသစ်အတွက်ညှိနှိုင်းဆွေးနွေးမှုများကို ကိုလံဘီယာနိုင်ငံ၏အဆိုပြုချက်ဖြင့် ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး ဒေသခံလူမျိုးများနှင့်ဒေသခံအဖွဲ့အစည်းများပါဝင်နိုင်ရေးအတွက် ၂၀၀၁ ခုနှစ်တွင် WIPO ၌ ဆွေးနွေးမှုများစွာ ပြုလုပ်ခဲ့ပါသည်။ စာချုပ်သည် ဉာဏပစ္စည်း၊ မျိုးရိုးဗီဇဆိုင်ရာအရင်းအမြစ်များနှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာအသိပညာတို့အကြား အပြန်အလှန် ဆက်နွှယ်မှုရှိသည့် WIPO ၏ပထမဆုံးစာချုပ်ဖြစ်ပြီး စာချုပ်ဝင်များ၏ ဒေသခံလူမျိုးများနှင့်အဖွဲ့အစည်းများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန် အထူးသတ်မှတ်ချက်များပါရှိသည့်အတွက် "သမိုင်းဝင်အောင်မြင်မှု"ဟု အသိအမှတ်ပြုခြင်းခံရကြောင်း တွေ့ရှိရပါသည်။

ယခုစာချုပ်အသစ်အရ မူပိုင်ခွင့်လျှောက်ထားမှုတစ်ခုတွင်ဖော်ပြထားသောတီထွင်မှုတစ်ခုသည် မျိုးရိုးဗီဇအရင်းအမြစ်များပေါ်တွင်အခြေခံထားပါက စာချုပ်ဝင်အသီးသီးသည် လျှောက်ထားသူများထံမှမျိုးရိုးဗီဇအရင်းအမြစ်များ ကနဦးအစပြုရာနိုင်ငံ သို့မဟုတ် အရင်းအမြစ်ကိုဖော်ပြရန်တောင်းဆိုရမည်။ မူပိုင်ခွင့်လျှောက်လွှာတစ်ခုတွင် တောင်းဆိုထားသောတီထွင်မှုသည် ဗီဇဆိုင်ရာအရင်းအမြစ်

များနှင့်ဆက်နွှယ်သောရိုးရာအသိပညာကိုအခြေခံထားပါက စာချုပ်ဝင်အသီးသီးသည် လျှောက်ထားသူများထံမှ ရိုးရာဓလေ့ထုံးစံအသိပညာကိုထောက်ပံ့ပေးသည့်ဒေသခံလူမျိုးများ သို့မဟုတ် အဖွဲ့အစည်းများကိုဖော်ပြရန် တောင်းဆိုရမည်ဖြစ်ပါသည်။

ဆေးဖက်ဝင်အပင်များနှင့် စိုက်ပျိုးရေးသီးနှံများကဲ့သို့သော အမျိုးအစားများတွင် အများစုတွေ့ရှိရသော မျိုးရိုးဗီဇနှင့် အခြားဇီဝဆိုင်ရာအရင်းအမြစ်များသည် ၎င်းတို့ကို မူပိုင်ခွင့်အဖြစ် ခွင့်ပြုနိုင်ခြင်းမရှိသော်လည်း မူပိုင်ခွင့်ရရှိထားသော တီထွင်မှုများတွင် မကြာခဏ အသုံးပြုကြကြောင်းတွေ့ရှိရပါသည်။ ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာအသိပညာဆိုသည်မှာ လူမှုအသိုင်းအဝိုင်းတစ်ခုအတွင်း မျိုးဆက်တစ်ခုမှ နောက်မျိုးဆက်တစ်ခုသို့ တိုးတက်ပြောင်းလဲလာသော၊ စဉ်ဆက်မပြတ် ထိန်းသိမ်းထားသော၊ လက်ဆင့်ကမ်းလာသော အသိပညာများ၊ ကျွမ်းကျင်မှုများ၊ အရည်အသွေးနှင့် လက်တွေ့ကျင့်သုံးမှုများကို ဆိုလိုပါသည်။ ၎င်းတို့သည် ဒေသခံလူမျိုးများနှင့်ဒေသခံအဖွဲ့အစည်းများက ထိန်းသိမ်းအသုံးပြုထားသော မျိုးရိုးဗီဇဆိုင်ရာအရင်းအမြစ်များနှင့်ဆက်နွှယ်နေပြီး သိပ္ပံနည်းကျသုတေသနပြုလုပ်ခြင်းနှင့် တီထွင်မှုအသစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အရေးပါသည့်ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ဒေသခံလူမျိုးများနှင့်အဖွဲ့အစည်းများက ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာအသိပညာကိုလက်ဆုပ်လက်ကိုင်မပြနိုင်သော အမွေအနှစ်ပစ္စည်းအဖြစ် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဆိုင်ရာအကာအကွယ်ကိုရယူလိုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခုစာချုပ်အသစ်သည် ဒေသခံပြည်သူများနှင့်အဖွဲ့အစည်းများပါဝင်သည့် မျိုးရိုးဗီဇအရင်းအမြစ်များနှင့် ရိုးရာဓလေ့ထုံးတမ်းအသိပညာနှင့်သက်ဆိုင်သော ပထမဆုံးသောစာချုပ်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source : https://www.wipo.int/pressroom/en/articles/2024/article_0007.html

## အမေရိကန်ပြည်ထောင်စု အလုပ်သမားဝန်ကြီးဌာနက Alabama ပြည်နယ်ရှိ Hyundai Motor Company ၏ ကုမ္ပဏီခွဲတွင် ကလေးအလုပ်သမား ခန့်ထားစေခိုင်းခြင်းအတွက် Hyundai Company ကို တရားစွဲဆိုခြင်း

အမေရိကန်ပြည်ထောင်စု အလုပ်သမားဝန်ကြီးဌာနက Alabama ပြည်နယ်ရှိ မော်တော်ယာဉ်ပစ္စည်းများထုတ်လုပ်သည့် Hyundai ကုမ္ပဏီခွဲနှင့် အခြားကုမ္ပဏီ ၂ ခုတို့တွင်ကလေးအလုပ်သမားများ တရားမဝင်အလုပ်ခန့်ထားခြင်းကို တားဆီးပေးရန် ပြည်နယ်တရားသူကြီးထံ လျှောက်ထားခဲ့ပါသည်။

အမှုကို ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့က တိုင်ကြားခဲ့ပြီး မော်တော်ယာဉ်အစိတ်အပိုင်းဖြစ်သည့်သတ္တုကိုယ်ထည်များထုတ်လုပ်သည့် Hyundai ၏လုပ်ငန်းခွင်တွင် အသက် ၁၃နှစ်အရွယ်ရှိ ကလေးသူငယ်ကို တစ်ပတ်လျှင် နာရီ ၅၀ မှ ၆၀ ကြား အလုပ်လုပ်ခွင့်ပြုခဲ့သည့်အတွက် အရေးယူပေးရန် တိုင်တန်းခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

တရားစွဲဆိုခံရသည့်ကုမ္ပဏီ ၃ ခုအနေဖြင့် ကလေးအလုပ်သမားအသုံးပြုမှုကို ရပ်စဲပေးရန်နှင့် ယင်းကလေးအလုပ်သမားအသုံးပြုမှုမှရရှိလာသည့်အကျိုးအမြတ်များကိုစွန့်လွှတ်ရန် အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာနက တောင်းဆိုထားပါသည်။

Hyundai ကုမ္ပဏီက ၎င်းတို့အနေဖြင့် အလုပ်သမားဝန်ကြီးဌာန၏စုံစမ်းစစ်ဆေးမှုများကို ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သော်လည်း ၎င်း၏ကုမ္ပဏီခွဲ(suppliers)က ကလေးအလုပ်သမားအသုံးပြုခဲ့သည်ဆိုသည့်စွပ်စွဲချက်အတွက် Hyundai ကုမ္ပဏီက တာဝန်ယူရခြင်းမှာ တရားမျှတမှုမရှိကြောင်း၊ ၎င်းတို့ကုမ္ပဏီအနေဖြင့်အမှုနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်နေပြီး ကုမ္ပဏီ၏ ပုံရိပ်မထိခိုက်စေရန် ခုခံချေပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပါသည်။

Alabama ပြည်နယ်၏ကျင့်ထုံးဥပဒေ (Code of Alabama) Title 25- Industrial Relations and Labor, Chapter 8- Child Labor Section 25-8-33 အရ အသက် ၁၄ နှစ် သို့မဟုတ် ၁၅

နှစ်အရွယ်ရှိ မည်သူ့ကိုမဆို ကျောင်းချိန်ပြင်ပနှင့်ကျောင်းအားလပ်ရက်များအတွင်းသာ အလုပ်ခန့်ထားနိုင်ကြောင်း၊ စက်မှုလုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်မှု သို့မဟုတ် အလုပ်ရုံ၊ ဂိုဒေါင်များတွင် အလုပ်လုပ်ကိုင်ခွင့်ပြုခြင်းကို ဥပဒေအရ တားမြစ်ထားကြောင်း၊ အဆိုပါတားမြစ်ထားသည့် လုပ်ငန်းများတွင် အသက် ၁၈ နှစ်အောက်ရှိသူ မည်သူမဆို ဝင်ရောက်လုပ်ကိုင်ကြောင်း ပေါ်ပေါက်ပါက စွဲချက်တင်နိုင်လောက်သည့်သက်သေခံအထောက်အထားရှိသည်ဟု မှတ်ယူမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

Alabama Department of Labor က Alabama Child Labor Law များသည် အလုပ်လုပ်နေသောအရွယ်မရောက်သေးသူ(working minors)များကို အကာအကွယ်ပေးရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါဥပဒေသည် ကလေးသူငယ်များအား ၎င်းတို့၏ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းကို ထိခိုက်စေနိုင်သော အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်ခြင်းမှတားမြစ်ထားကြောင်း၊ ဥပဒေတွင် အရွယ်မရောက်သေးသူလူငယ်များအတွက် ၎င်းတို့၏အသက်အရွယ်နှင့်ကိုက်ညီသည့် အလုပ်ချိန်၊နာရီ သတ်မှတ်ပြဋ္ဌာန်းထားပြီး လုပ်ငန်းခွင်ဝင်ခြင်းဖြင့် ကျောင်းချိန်နှင့် ပညာရေးအခွင့်အလမ်းများဆုံးရှုံးနိုင်မည့်အခြေအနေမှ အကာအကွယ်ပေးထားကြောင်း၊ ကလေးအလုပ်သမားဆိုင်ရာဖက်ဒရယ်နှင့် ပြည်နယ်၏စည်းမျဉ်း (Federal and State Rules regarding young workers)များသည် လူငယ်များအတွက် လုံလောက်သောပညာရေးအခွင့်အလမ်းနှင့် သင့်လျော်သော လုပ်ငန်းခွင်ဆိုင်ရာအတွေ့အကြုံမျှတစွာရရှိစေရေး ချိန်ညှိ၍ ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တရားမစွဲမှီဥပဒေအကြံပေးရေးနှင့် တင်ပြချက်များ စိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားဖော်ပြချက် : **https://www.usnews.com/news/business/articles/2024-05-30/us-labor-department-sues-hyundai-suppliers-in-alabama-over-alleged-child-employment**

By Associated Press, May 30,2024

Universal Citation: AL Code S 25-8-33 (2023)

https://adol.alabama.gov/employers/child-labor/

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၂၃) ၂၀၂၄ ခုနှစ် ဇွန်လ ၁၄ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

